
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန


# အကောက်ခွန်သတင်းလွှာ

အတွဲ ၈၊ အမှတ် ၄

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်

## Virtual ဖြင့် ကျင်းပပြုလုပ်သည့် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီ၏ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး



၈-၇-၂၀၂၂ ရက်နေ့၊ (၁၀:၀၀) နာရီအချိန်တွင် Virtual ဖြင့် ကျင်းပပြုလုပ်သည့် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးရည်ရွယ်ချက်မှာ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အောက်ရှိ လုပ်ငန်းအဖွဲ့များ၏ တိုးတက်ဖြစ်ပေါ်မှု အခြေအနေများ၊ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသူများအား စိစစ်သုံးသပ်နိုင်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာဌာန အသီးသီး မှ ပါဝင်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို (၁၂:၄၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထု လစဉ်ပုံမှန်ဆွေးနွေး ဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ မှ သြဝါဒ စကားပြောကြားခြင်း





ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုလစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားအား ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန ဧယျာသီဟခန်းမ၌ ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ အရာထမ်း နှင့် အမှုထမ်း စုစုပေါင်း (၂၀၇) ဦး တက်ရောက်ခဲ့ကြပါသည်။

# ဒုတိယအကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၃/၂၀၂၂)
# သင်တန်းဖွင့်ပွဲ အခမ်းအနား



စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန် သင်တန်းကျောင်း၏ (၁၈-၇-၂၀၂၂) ရက်နေ့မှ (၁၉-၈-၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်သည့် ရုံးတွင်းအဆင့်စုံမှ ဒု-အကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၃/၂၀၂၂) (တတိယအသုတ်) အား ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင် မှ ဦးဆောင်၍ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ (၅၀) ဦး တက်ရောက်ခဲ့ ပါသည်။

# (၁၆) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနား



(၁၆) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်းများ နှင့် အမှုထမ်းများ စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၄၀.၁၆၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ ဖမ်းဆီးမှုမှာ (၂၄၂) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၅၂၄၀.၁၆၉) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၂၁-၇-၂၀၂၂) ရက်နေ့တွင် ( EMS ) (အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်း) ၌ ပစ္စည်းများအား တာဝန်ကျ ဝန်ထမ်းများမှဖွင့်ဖောက် စစ်ဆေးရာ တင်သွင်းခွင့် အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော (Raw For Foodstuff–Pizza Masu Mix Power)၊ (CO–Korea)၊ (60 Nos)၊ (69.55kg) နှင့် (Pizza Black Dough Mix Power)၊ (CO–Korea)၊ (72 Nos) (56.15kg)၊ စုစုပေါင်း (125.7kg)၊ ခန့်မှန်းတန်ဖိုးကျပ် (၁,၂၀၀,၀၀၀) အား တွေ့ရှိခဲ့သဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်း အရအမှုတွဲဖွင့်လုစ်၍ တားဆီးခဲ့ပါသည်။





# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၄၀.၁၆၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၂၈.၇.၂၀၂၂) ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ပို့ကုန်ကြေငြာလွှာ တင်သွင်းခဲ့ပြီး ပြင်သစ်နိုင်ငံသို့ တင်ပို့မည့် ကုန်သေတ္တာအား စစ်ဆေးခဲ့ရာ ED တွင် ကြေငြာထားခြင်းမရှိသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ထောက်ခံချက်မပါရှိသည့် သစ်သားရုပ်ထုမျိုးစုံ(၉) မျိုး နှင့် စာအမှတ် A-၀၀၅၀(၂၉.၆.၂၀၂၂) ဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ချိတ်စည်းဟုယူဆရသော ချိတ်ပိတ် ဆင်းတုတော် (၂) ဆူ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁,၁၀၀,၀၀၀/-) (ကျပ်တစ်ဆယ့်တစ်သိန်းတိတိ) ခန့်အား တွေ့ရှိခဲ့သဖြင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။







# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၄၀.၁၆၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ ဖမ်းဆီးခြင်း



၆-၇-၂၀၂၂ ရက်နေ့တွင် တာချီလိတ်မြို့နယ် မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ တာချီလိတ်မြို့သို့ သွားရောက်မည့် ယာဉ်အားစစ်ဆေးခဲ့ရာ ယာဉ်၏အတွင်းပိုင်းတွင် ဒေသထွက်စားသောက်ကုန်များနှင့်အတူ ရောနှောတင်ဆောင်လာသည့် ကျွန်းခွဲသား (ဆိုဒ်စုံ)၊ (၆၁) ချောင်းနှင့် ကျွန်းပါကေး(ဆိုဒ်စုံ)၊ (၁၂၀၀) ချောင်း၊ စုစုပေါင်းတန်ချိန် (၁.၉၁၅)တန်၊ ခန့်မှန်းတန်ဖိုးကျပ် (၁,၂၆၃,၉၀၀/-) ခန့် နှင့် အခင်းဖြစ်ပစ္စည်းများတင်ဆောင်လာသောယာဉ်၊ ခန့်မှန်းတန်ဖိုးကျပ် (၂၀,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၄၀.၁၆၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ ဖမ်းဆီးခြင်း

(၂၉-၇-၂၀၂၂) ရက်နေ့တွင် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျကွပ်ကဲရေးမှူး ကြီးကြပ်မှုဖြင့် အလယ်လမ်း ယာဉ်ငယ်စစ်ဆေးရေးဂိတ် တာဝန်ကျ အကောက်ခွန်အဖွဲ့က မန္တလေးမှ မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် အသီးအနှံ၊ ဟင်းသီးဟင်းရွက်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်ဆိုဒ်စုံ (၁၈)အိတ်အားတွေ့ရှိရသဖြင့်အသေးစိတ်စစ်ဆေးနိုင်ရန်အတွက် မန္တလေးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ခဲ့ပြီး (၃၀ -၇- ၂၀၂၂)






ရက်နေ့တွင် အဆိုပါ ယာဉ်အား အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်ဖြတ်စ အကြီး/ အသေး ဆိုဒ်စုံ၊ (885)Kg၊ ခန့်မှန်းတန်ဖိုးကျပ် (၄၄,၂၅၀,၀၀၀/-) နှင့် အခင်းဖြစ်ပစ္စည်း တင်ဆောင်လာသော ယာဉ်အမှတ် (1P/2205) (Toyota Hiace)၊ ခန့်မှန်း တန်ဖိုးကျပ် (၂၀,၀၀၀,၀၀၀/-) အား အမှုတွဲ ဖွင့်လှစ်ထားရှိခဲ့ပါသည်။

# ထူးခြားဖမ်းဆီးမှု

(၅-၇-၂၀၂၂ )ရက်နေ့ တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျ အကောက်ခွန်ဝန်ထမ်းများနှင့်ပူးပေါင်းအဖွဲ့သည် လားရှိုးမှမူဆယ်သို့ ထွက်ခွာလာသောယာဉ်အား ပို့ကုန်စစ်စင်အတက်တွင် ရပ်တန့်စစ်ဆေးခဲ့စဉ် အဆိုပါယာဉ်ပေါ်ပါနှစ်ဦးမှာ ထွက်ပြေးသဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ပြီး ယာဉ်အားအသေးစိတ်ရှာဖွေ စစ်ဆေးခဲ့ရာ ကား၏ကိုယ်ထည်အောက် ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ တင်ဆောင်လာသော(7.62 mm Assault Rifle Type – 81) (Folded Bult) ( ၁၂ )လက်၊ ၎င်း၏ကျည်အိမ်(၂၄)ခု၊ ၎င်းကျည်တောင့်(၄၉)တောင့်၊(.22 Cal Rifle) (Long Barrel) (၁)လက်၊ ၎င်းကျည်ကဒ်(၁)ခု ၊ (.22 Cal Assault Rifle) (Model M & P 15–22) (၁)လက် ၊၎င်းကျည်ကဒ်( ၁)ခု၊ ၎င်းကျည်တောင့်(၁၁)ခု၊ခန့်မှန်းတန်ဖိုး( မခန့်မှန်းနိုင်) နှင့် အဆိုပါတားဆီးပစ္စည်းများတင်ဆောင်လာသော ယာဉ်အမှတ် (MDY 1R/3298) (Toyota Hilux Vigo) ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၀,၀၀၀,၀၀၀/–) အား အမှုတွဲ ဖွင့်လှစ်တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၅၂၄၀.၁၆၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု

(၁၇-၇-၂၀၂၂)ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ(ယာဉ်ငယ်)စစ်ဆေးရေးနေရာတွင် တာဝန်ကျပူးပေါင်း အဖွဲ့များဖြင့် လားရှိုးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်း (ထိုင်ခုံနောက်ကျော)တွင် အံဝှက်ပြုလုပ်၍သိုဝှက် သယ်ဆောင်လာသည့် ဘိန်းဖြူတုံး (၁၁၆) တုံး၊ အလေးချိန်( ၄၁.၆၄၄)ကီလိုဂရမ်ခန့် (၁ ကီလိုလျှင် ကျပ်သိန်း ၁၅၀ ခန့် နှုန်း)၊ ခန့်မှန်းတန်ဖိုး ကျပ် (၆၂၄,၆၆၀,၀၀၀/– ) နှင့် အဆိုပါတားဆီးပစ္စည်းများ တင်ဆောင်လာသော ယာဉ်အမှတ် (MDY/9K–2724) (Crown)၊ ခန့်မှန်းတန်ဖိုးကျပ်( ၅,၀၀၀,၀၀၀/- ) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။







